ဓမ္မခန္ဓာ (၂၆) "ကဗျာဆရာများ" (အလ် ရှုအာရာဟ်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၇။ သုတ်ဒေသနာ– ၂၂၇ ပါး။

ဦးဖွေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | طسم۞<br>တွာ၊ ဆင်၊ မင်–[၇၇၀] |
| ၂။ | تِلْكَ آيَاتُ الْكِتَابِ الْمُبِينِ۞<br>ဤသည် ရှင်းလင်းသော ကျမ်းတော်၏ သုတ်ဒေသနာတော်များ ဖြစ်၏။ |
| ၃။ | لَعَلَّكَ بَاخِعٌ نَّفْسَكَ أَلَّا يَكُونُوا مُؤْمِنِينَ۞<br>သူတို့၏ မယုံကြည်မှုများကြောင့် သင်သည် စိတ်ထောင်းကိုယ်ကြေ ဖြစ်လုမတတ်ပင်။[၇၇၁] |
| ၄။ | إِن نَّشَأْ نُنَزِّلْ عَلَيْهِم مِّنَ السَّمَاءِ آيَةً فَظَلَّتْ أَعْنَاقُهُمْ لَهَا خَاضِعِينَ۞<br>စံချိန်ပြည့်မိုလျှင် သူတို့၏ လည်ဂုတ်ကို စီနင်း ကိုင်းညွတ်စေမည့် သုတ်ဒေသနာ တစ်ပါးကို ကောင်းကင်ယံမှ ငါ ချမှတ်ပေးလတ္တံ့။[၇၇၂] |
| ၅။ | وَمَا يَأْتِيهِم مِّن ذِكْرٍ مِّنَ الرَّحْمَنِ مُحْدَثٍ إِلَّا كَانُوا عَنْهُ مُعْرِضِينَ۞<br>ကရုဏာရှင်၏ ထံမှ သတိပေးတရားတော်သစ် ရောက်ရှိလာတိုင်း သူတို့သည် ၎င်းမှ ကျောပေးလှည့်သွားသူများ ဖြစ်ကြ၏။ |
| ၆။ | فَقَدْ كَذَّبُوا فَسَيَأْتِيهِمْ أَنبَاءُ مَا كَانُوا بِهِ يَسْتَهْزِئُونَ۞<br>သူတိုသည် မုချ ငြင်းဆန်ကြပြန်ပြီ၊ သူတို့ထံသို့ သူတို့၏ လှောင်ပြောင်ခဲ့သော သတင်းကြီးအား ပေးရောက်လာလတ္တံ့။ |
| ၇။ | أَوَلَمْ يَرَوْا إِلَى الْأَرْضِ كَمْ أَنبَتْنَا فِيهَا مِن كُلِّ زَوْجٍ كَرِيمٍ۞ |

(၇၇၀) ဤအတိုကောက် စကားလုံးများမှ **တွာ –ဆင် طس** သည် **တူးရ် ဆီးန** သိနတောင်၊ **မင် م** သည် မူဆာ– ဟု ဖြစ်၍၊ **طسم "သိနတောင်မှ မူဆာအား ချမှတ်ပေးသော ကျမ်းတော်ကဲ့သို့"** ဟု သင်္ကေတသည်ခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဤကုရ်အာန် ကျမ်းတော်သည် ရှေးက ကိုယ်တော် မူဆာအား ချမှတ်ပေးခဲ့သော ကျမ်းတော်ကဲ့သို့ လူသားတို့၏ နှလုံးသားကို ဆွဲဆောင်နိုင်ကြောင်း သင်္ကေတသည်ချက်ပင် ဖြစ်ပေသည်။ ထိုအကြောင်းကို ဤ **طسم တွာဆင်မင်** ဓမ္မခန္ဓာအုပ်စု၏ နောက်ဆုံး ကဏ္ဍဖြစ်သည့် ၂၈း၄၈ တွင် ကိုယ်တော်မူဆာအား ချမှတ်ပေးသည့် ကျမ်းတော်နှင့် ကိုယ်တော်မုဟမ္မဒ်အား ချမှတ်ပေးသည့် ဤကျမ်းတော်တို့ကို "အချင်းချင်း ကြောချင်းကပ်ထားသည့် ပြုစားချက်များ" ဟု ဖုံးကွယ်သူများက စွပ်စွဲကြ၏ ဟု ထောက်ပြထားပေသည်။

(၇၇၁) ကိုယ်တော်သည် သူ၏ လူမျိုးအပေါ် မည်မျှ သောကကြီးသည်၊ ကရုဏာကြီးသည်ကို ဤသုတ်တော်အားဖြင့် သိနိုင်ပေသည်။ သူ၏ စိတ်ထောင်း ကိုယ်ကြေ ဖြစ်ရခြင်းသည် သူ့ကိုယ်ကျိုးအတွက် မဟုတ်ပေ။

(၇၇၂) ဉာဏ်စဉ်တော်ဆောင်၏ ထံသို့ ကိန်းဝပ်သော ဉာဏ်စဉ်ကို မြင့်မြတ်သော နေရာမှ (ကောင်းကင်မှ) ဟု အမြဲ တင်စား ပြောဆိုပေသည်။ ထိုဉာဏ်စဉ်တော်ဖြင့် သုတ်ဒေသနာ တစ်ပါးစီ ချမှတ်တိုင်းတွင် မိရိုးဖလာ ဝါဒီများအတွက် သူတို့၏ လည်ဂုတ်ကို စီနင်းခံရသည့်အလား ဦးကျိုးနေရသည်မှာ ဓမ္မတစ်ရပ်ပင် ဖြစ်တော့သည်။

| | |
|---|---|
| | သို့မဟုတ် မြေကမ္ဘာသို့ မဆင်ခြင်ကြကုန်သလော၊ ငါသည် ထို၌ ကျက်သရေ စုဖွဲ့ကိုယ်စီ မည်မျှကို ရှိစေသနည်း။ |
| ၈။ | **إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ** ۝<br>ကေန်ပင် ယင်း၌ သက်သေလက္ခဏာရပ် ရှိနေ၏။ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၉။ | **وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ** ۝<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၀။ | **وَإِذْ نَادَىٰ رَبُّكَ مُوسَىٰ أَنِ ائْتِ الْقَوْمَ الظَّالِمِينَ** ۝<br>သင့်ကံကြမ္မာရှင်က မူဆာအား ဆင့် သည်မှာ ''မုချ –၊ သင်သည် အမိုက်သင့်နေသော လူမျိုးဖြစ်သော– |
| ၁၁။ | **قَوْمَ فِرْعَوْنَ أَلَا يَتَّقُونَ** ۝<br>– ဖာရိုး၏ လူမျိုးထံ၊ သူတို့အား စည်းစောင့်စေရန် ဖြစ်၏။ |
| ၁၂။ | **قَالَ رَبِّ إِنِّي أَخَافُ أَن يُكَذِّبُونِ** ۝<br>သူက လျှောက်ထားသည်မှာ ''အို ကံကြမ္မာရှင်၊ သူတို့၏ ငြင်းဆန်မည်ကို တပည့်တော် စိုးရိမ်ပါ၏၊'' |
| ၁၃။ | **وَيَضِيقُ صَدْرِي وَلَا يَنطَلِقُ لِسَانِي فَأَرْسِلْ إِلَىٰ هَارُونَ** ۝<br>''တပည့်တော်၏ ရင်သည် မွန်းကြပ်လှပါ၏၊ တပည့်တော်၏လျှာသည် ထိရောက်စွာ မပြောနိုင်ပါ၊ သို့ဖြစ်၍ ဟာရွန်ကို လည်း စေစားပေးပါ၊'' |
| ၁၄။ | **وَلَهُمْ عَلَيَّ ذَنبٌ فَأَخَافُ أَن يَقْتُلُونِ** ۝<br>''သူတို့၌ တပည့်တော်၏ အပေါ်တွင် ပြစ်ဒဏ်ရှိပါ၏။ သို့ဖြစ်၍ သူတို့၏ သတ်ဖြတ်မည်ကို ကြောက်မိပါ၏၊''ဟု ဖြစ်၏။ |
| ၁၅။ | **قَالَ كَلَّا فَاذْهَبَا بِآيَاتِنَا إِنَّا مَعَكُم مُّسْتَمِعُونَ** ۝<br>အရှင်က ''အကြောင်းမရှိ၊ သင်တို့သည် ငါ့ သုတ်ဒေသနာများဖြင့် သွားလော့၊ ငါသည် သင်တို့နှင့်အတူရှိ၏၊ ကြားသိ နေတော်မူ၏၊''ဟု မိန့်၏။ |
| ၁၆။ | **فَأْتِيَا فِرْعَوْنَ فَقُولَا إِنَّا رَسُولُ رَبِّ الْعَالَمِينَ** ۝<br>သို့ဖြင့် ဖာရိုးထံသို့ သွားရောက်လျက် ပြောသည်မှာ ''ကျွန်ုပ်တို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ဉာဏ်စဉ် တော်ဆောင်များ ဖြစ်၏။ |
| ၁၇။ | **أَنْ أَرْسِلْ مَعَنَا بَنِي إِسْرَائِيلَ** ۝<br>ဂျူးလူမျိုးများကို ကျွန်ုပ်တို့နှင့်အတူ ပါသွားစေလော့၊''ဟု ဖြစ်သော်– |
| ၁၈။<br>ဖာရိုး | **قَالَ أَلَمْ نُرَبِّكَ فِينَا وَلِيدًا وَلَبِثْتَ فِينَا مِنْ عُمُرِكَ سِنِينَ** ۝<br>**သူ**က ပြောသည်မှာ ''ကျွန်ုပ်တို့သည် သင့်အား ကလေးဘဝကပင် ကြီးထွားလာသည်ထိ ပြုစုခဲ့သည် မဟုတ်လော၊ သင့်သက်တမ်း နှစ်များစွာကို ကျွန်ုပ်တို့အထဲ၌ ရှိစေခဲ့သည် မဟုတ်လော၊ |
| ၁၉။ | **وَفَعَلْتَ فَعْلَتَكَ الَّتِي فَعَلْتَ وَأَنتَ مِنَ الْكَافِرِينَ** ۝<br>သင်ကျင့်ကြံခဲ့သော ကျင့်ကြံမှု– ထိုအမှုသည် ရှိနေ၏။ သင်သည်ကား ဖုံးဖိထားသူမှ ဖြစ်၏၊''ဟု ဖြစ်၏။ |
| ၂၀။ | **قَالَ فَعَلْتُهَا إِذًا وَأَنَا مِنَ الضَّالِّينَ** ۝ |

| | |
|---|---|
| ☆ ၂၈း၁၅ | သူက ပြောသည်မှာ “၎င်းကို ကျွန်ုပ် ပြုခဲ့သည်မှာ ကျွန်ုပ်သည် လွဲမှားနေသူများထဲ၌ ရှိစဉ်ဖြစ်၏။–☆ |
| ၂၁။ | فَفَرَرْتُ مِنكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِي رَبِّي حُكْمًا وَجَعَلَنِي مِنَ الْمُرْسَلِينَ ۞<br>သို့ဖြင့် သင်တို့ကို ကြောက်ရွံ့၍ သင်တို့ထံမှ ကျွန်ုပ် ထွက်ပြေးခဲ့၏။ ထို့နောက် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား ဓမ္မသတ်ကို ချီးမြှင့်တော်မူ၍၊ ဥဇ္ဇာစဉ်ဆောင်များ အနက်မှ ခန့်အပ်၏။ |
| ၂၂။ | وَتِلْكَ نِعْمَةٌ تَمُنُّهَا عَلَيَّ أَنْ عَبَّدتَّ بَنِي إِسْرَائِيلَ ۞<br>ဤသို့– သင်က ကျွန်ုပ်အား မြှောက်ပင့် ဂုဏ်ပေးလျှက် ဂျူးလူမျိုးတို့အား ကျွန်ဇာတ်သွင်းမည်လော၊”ဟု ဖြစ်၏။ |
| ၂၃။ | قَالَ فِرْعَوْنُ وَمَا رَبُّ الْعَالَمِينَ ۞<br>ဖာရိုးက “လောကခပ်သိမ်း၏ ကံကြမ္မရှင် ဆိုသည်မှာ အဘယ်အရာနည်း၊”ဟု မေးသော်၊ |
| ၂၄။ | قَالَ رَبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا إِن كُنتُم مُّوقِنِينَ ۞<br>သူက “မိုးများနှင့် မြေကမ္ဘာ ထိုနှစ်ခုစပ်ကြား ရှိသမျှတို့၏ ကံကြမ္မာရှင်ဖြစ်၏။ သင် ဒိဌယုံကြည်နိုင်ပါစ၊”ဟု ဆို၏။ |
| ၂၅။<br>ဖာရိုး | قَالَ لِمَنْ حَوْلَهُ أَلَا تَسْتَمِعُونَ ۞<br>**သူ**သည် သူ့ပတ်လည်ရှိ သူများကို “မကြားကြဘူးလား၊”ဟု မေး၏။ |
| ၂၆။<br>မူဆာ | قَالَ رَبُّكُمْ وَرَبُّ آبَائِكُمُ الْأَوَّلِينَ ۞<br>**သူ**က “သင်တို့၏ ကံကြမ္မာရှင်၊ သင်တို့၏ ရှေးဦးပထမ ဘိုးဘတို့၏ ကံကြမ္မာရှင် ဖြစ်၏၊”ဟု ဆိုသော် |
| ၂၇။<br>ဖာရိုး | قَالَ إِنَّ رَسُولَكُمُ الَّذِي أُرْسِلَ إِلَيْكُمْ لَمَجْنُونٌ ۞<br>**သူ**က “သင်တို့ထံသို့ စေစားသော သင်တို့၏ ဥဇ္ဇာစဉ်ဆောင်သည် အရူးတစ်ယောက်ပင် ဖြစ်၏၊”ဟု ဆို၏။ |
| ၂၈။<br>မူဆာ | قَالَ رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا إِن كُنتُمْ تَعْقِلُونَ ۞<br>**သူ**က “နေထွက်ရာ နေဝင်ရာတို့နှင့် ၎င်းတို့ကြား ရှိသမျှတို့၏ ကံကြမ္မာရှင် ဖြစ်၏။ သင် အတွေးအခေါ်ရှိပါလေစ၊”ဟု ဆိုသော်။ |
| ၂၉။<br>ဖာရိုး | قَالَ لَئِنِ اتَّخَذْتَ إِلَهًا غَيْرِي لَأَجْعَلَنَّكَ مِنَ الْمَسْجُونِينَ ۞<br>**သူ**က “သင်သည် ကျွန်ုပ်မှအပ အခြားကို ဘုရားဟု အယူထားခဲ့လျှင်၊ သင့်အား ထောင်ထဲသို့ထည့်ရန် ကျွန်ုပ် စီမံလတ္တံ့၊”ဟု ဆို၏။ |
| ၃၀။<br>မူဆာ | قَالَ أَوَلَوْ جِئْتُكَ بِشَيْءٍ مُّبِينٍ ۞<br>**သူ**က “အကယ်၍ ကျွန်ုပ်သည် သင့်အား ရှင်းလင်းသော တစ်စုံတစ်ရာအား ပေးအပ်လျှင်ကော–”ဟု မေးသော်၊ |
| ၃၁။<br>ဖာရိုး | قَالَ فَأْتِ بِهِ إِن كُنتَ مِنَ الصَّادِقِينَ ۞<br>သူက “သင်သည် ဖြောင့်မှန်သူမှ ဖြစ်လျှင် ကျွန်ုပ်အား ပေးအပ်လော့၊”ဟု ဆို၏။ |
| ၃၂။<br>☆<br>၇း၁၀၇ | فَأَلْقَى عَصَاهُ فَإِذَا هِيَ ثُعْبَانٌ مُّبِينٌ ۞<br>သို့ဖြင့် သူ၏ လက်ထောက်အား ပြသသောအခါ၊ ၎င်းသည် ထင်ရှားသော မြွေနဂါး ဖြစ်လာ၏။☆ |
| ၃၃။<br>☆<br>၇း၁၀၈ | وَنَزَعَ يَدَهُ فَإِذَا هِيَ بَيْضَاء لِلنَّاظِرِينَ ۞<br>သူ၏လက်ကို ဆွဲထုတ်လိုက်သော အခါ၊ ၎င်းသည် စောင့်ကြည့်သူတို့အတို့ ဖြူစဉ်လျှက်၏။☆ |

| | |
|---|---|
| ၃၄။ ဖာရိုး | قَالَ لِلْمَلَإِ حَوْلَهُ إِنَّ هَذَا لَسَاحِرٌ عَلِيمٌ۞<br>**သူ**က ပတ်လည်မှ အကြံပေးများကို ပြောသည်မှာ "ဤသူသည် မှော်ဆရာ ပညာရှင်ပင် ဖြစ်၏– |
| ၃၅။ မူဆာ | يُرِيدُ أَن يُخْرِجَكُم مِّنْ أَرْضِكُم بِسِحْرِهِ فَمَاذَا تَأْمُرُونَ۞<br>**သူ**သည် သင်တို့အား သူတို့၏နယ်မြေမှ ထုတ်ယူလိုခြင်းပင် ဖြစ်၏၊ မည်သို့ စီမံကြမည်နည်း၊"ဟု ဖြစ်၏။ |
| ၃၆။ အကြံပေးများ | قَالُوا أَرْجِهِ وَأَخَاهُ وَابْعَثْ فِي الْمَدَائِنِ حَاشِرِينَ۞<br>ပြန်ပြောကြသည်မှာ "သူနှင့် သူ့အစ်ကိုအား☆ ထိန်းထားပြီး၊ မြို့ရွာများသို့ စုဆောင်းရေးမှူးများကို ဖေါ်ထုတ်၍၊ |
| ၃၇။ | يَأْتُوكَ بِكُلِّ سَحَّارٍ عَلِيمٍ۞<br>–မှော် ပညာရှင်ကိုယ်စီအား သင့်ထံသို့ စုရောက်စေကြလော့၊"ဟု ဖြစ်၏။ |
| ၃၈။ | فَجُمِعَ السَّحَرَةُ لِمِيقَاتِ يَوْمٍ مَّعْلُومٍ۞<br>ထို့နောက် မှော်ဆရာများကို ပွဲတော်ကြီးနေ့ ချိန်းချက်သတ်မှန်ချိန်၌ စုရုံးစေ၏။ |
| ၃၉။ | وَقِيلَ لِلنَّاسِ هَلْ أَنتُم مُّجْتَمِعُونَ۞<br>လူထုကြီးအား "သင်တို့သည် စုရုံးကြမည်လော၊"ဟု မေးမြန်းသော်။ |
| ၄၀။ | لَعَلَّنَا نَتَّبِعُ السَّحَرَةَ إِن كَانُوا هُمُ الْغَالِبِينَ۞<br>မှော်ဆရာများသည် အောင်နိုင်သူများ ဖြစ်ခဲ့သော် ကျွန်ုပ်တို့သည် သူတို့၏ နောက်သို့ လိုက်နိုင်ရာ၏၊ ဟု ဆိုကြ၏။ |
| ၄၁။ | فَلَمَّا جَاءَ السَّحَرَةُ قَالُوا لِفِرْعَوْنَ أَئِنَّ لَنَا لَأَجْرًا إِن كُنَّا نَحْنُ الْغَالِبِينَ۞<br>ဖာရိုးမင်းထံသို့ မှော်ဆရာများ ရောက်လာသောအခါ၊ "ကျွန်ုပ်တို့သည် အောင်နိုင်သူများ ဖြစ်ကြလျှင် ကျွန်ုပ်တို့အတွက် အကျိုးဆုများ ရှိမည်လော၊"ဟု မေးမြန်းကြ၏။ |
| ၄၂။ | قَالَ نَعَمْ وَإِنَّكُمْ إِذًا لَّمِنَ الْمُقَرَّبِينَ۞<br>သူက "ကောင်းပြီ၊ သင်တို့သည် အပါးတော်မြဲများ ဖြစ်ရစေမည်၊"ဟု ဆို၏။ |
| ၄၃။ | قَالَ لَهُم مُّوسَى أَلْقُوا مَا أَنتُم مُّلْقُونَ۞<br>သူတို့အား မူဆာက "သင်တို့ ပြသလိုသော အရာကို ပြသကြလော့၊"ဟု ဆိုသော် |
| ၄၄။ | فَأَلْقَوْا حِبَالَهُمْ وَعِصِيَّهُمْ وَقَالُوا بِعِزَّةِ فِرْعَوْنَ إِنَّا لَنَحْنُ الْغَالِبُونَ۞<br>သူတို့၏ ကြိုးများ၊ လက်ထောက်များကို ပြသသောခါ၊ သူတို့က "ဖာရိုးမင်း၏ ဘုန်းတန်ခိုးဖြင့်၊ ကျွန်ုပ်တို့သည် အောင်နိုင်သူများ ဖြစ်ရမည်သာတည်း၊"ဟု ဆိုကြ၏။[၇၇၃] |
| ၄၅။ | فَأَلْقَى مُوسَى عَصَاهُ فَإِذَا هِيَ تَلْقَفُ مَا يَأْفِكُونَ۞<br>မူဆာသည် သူ၏ လက်ထောက်ကို ပြသောအခါ၊ ထိုအခါ ၎င်းသည် သူတို့ လိမ်ညာသည်တို့အား ဝါးမြိုလေတော့၏။ |

(၇၇၃) သူတို့၏ လက်ထောက်များ ဆိုသည်ကို ၂း၆၀ အောက်ခြေတွင် ကြည့်ပါ။ သူတို့၏ ကြိုးများဆိုသည်မှာ သူတို့ ကြိုးဆွဲသည့် အတိုင်း လိုက်နာ နေရသည့် သူတို့၏ ရုပ်သေး လူတန်းစားတစ်ရပ်ကို ပြောဆိုခြင်း ဖြစ်ပေသည်။ သူတို့သည် ဖာရိုးမင်း၏ အရှိန်အဝါဖြင့်သာ အာဏာပါဝါ ပြနိုင်ကြောင်း ကိုယ်ရည်ကိုယ်သွေးလုံးဝ မရှိကြောင်း မှော်ဆရာတို့၏ တန်ခိုးကြောင့် အသက်ဝင်လာခြင်းလည်း မဟုတ်ကြောင်းကို "ဖာရိုးမင်း၏ အရှိန်အဝါဖြင့်၊" ဟူသည့် စကားက အတိအကျ ထောက်ပြနေသည်ပင်။ ၂၀း၆၆၊ ၇း၁၁၇ တို့ တွင်ကြည့်ပါ။

| | |
|---|---|
| ၄၆။ | **فَأُلْقِيَ السَّحَرَةُ سَاجِدِينَ۝**<br>ပြသသော မှော်ဆရာများသည် ဦးချကြလျက်– |
| ၄၇။ | **قَالُوا آمَنَّا بِرَبِّ الْعَالَمِينَ۝**<br>ပြောကြသည်မှာ “ကျွန်ုပ်တို့သည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်အား သက်ဝင်ယုံကြည်ကြပါပြီ– |
| ၄၈။ | **رَبِّ مُوسَى وَهَارُونَ۝**<br>–အရှင်သည် မူဆာနှင့် ဟာရွန်တို့၏ ကံကြမ္မာရှင် ဖြစ်ပါ၏၊”ဟု ဖြစ်၏။ |
| ၄၉။<br>ဖာရိုး | **قَالَ آمَنتُمْ لَهُ قَبْلَ أَنْ آذَنَ لَكُمْ إِ نَّهُ لَكَبِيرُكُمُ الَّذِي عَلَّمَكُمُ السِّحْرَ فَلَسَوْفَ تَعْلَمُونَ لَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ وَلَأُصَلِّبَنَّكُمْ أَجْمَعِينَ۝**<br>**သူ**က “သင်တို့သည် ကျွန်ုပ်၏ ခွင့်ပြုချက်မရမီ ၎င်းအား ယုံကြည်ကြသလော၊ သူသည် သင်တို့အား မှော်ပညာ သင်ပေးသော သင်တို့၏ အကြီးအကဲ ဖြစ်ရမည်၊ သင်တို့ သိကြရလတ္တံ့၊ ကျွန်ုပ်သည် သင်တို့၏ လက်များ ခြေများကို ဆန့်ကျင်ဘက် ဖြတ်တောက်မည်၊ သင်တို့ အားလုံးကို ကားစင်တင်ပစ်မည်၊”ဟု ကြုံးဝါး၏။ |
| ၅၀။ | **قَالُوا لَا ضَيْرَ إِنَّا إِلَى رَبِّنَا مُنقَلِبُونَ۝**<br>သူတို့ ပြန်ပြောသည်မှာ “ဘေးဥပါဒ် မဟုတ်ပါ၊ ကျွန်ုပ်တို့သည် ကံကြမ္မာရှင်၏ ထံသို့ လှည့်ရမည့်သူများပင် ဖြစ်၏၊ |
| ၅၁။ | **إِنَّا نَطْمَعُ أَن يَغْفِرَ لَنَا رَبُّنَا خَطَايَانَا أَن كُنَّا أَوَّلَ الْمُؤْمِنِينَ۝**<br>ကျွန်ုပ်တို့၏ ကံကြမ္မာရှင်သည် ကျွန်ုပ်တို့အား မေ့ပြစ်များမှ လွတ်ငြိမ်းစေခြင်းကို မျှော်လင့်၏။ ကျွန်ုပ်တို့သည် ဦးဦး ဖျားဖျား ယုံကြည်သူများ ဖြစ်လို၏၊”ဟု ဖြစ်၏။ |
| ၅၂။<br>☆<br>၂၀:၇၇ | **وَأَوْحَيْنَا إِلَى مُوسَى أَنْ أَسْرِ بِعِبَادِي إِنَّكُم مُّتَّبَعُونَ۝**<br>ငါသည် မူဆာအား အာရုံစျာန်ဝင်စေသည်မှာ သင်တို့အား နောက်မှ လိုက်ကြလိမ့်မည်၊ သင်သည် ငါ့ အမှုတော်ဆောင် များနှင့်အတူ ညခရီးကို နှင်လော့၊ ဟု ဖြစ်၏။☆ |
| ၅၃။ | **فَأَرْسَلَ فِرْعَوْنُ فِي الْمَدَائِنِ حَاشِرِينَ۝**<br>ဖာရိုးသည် မြို့များသို့ စည်းရုံးရေးမှူးများကို စေစားလျက်– |
| ၅၄။ | **إِنَّ هَؤُلَاءِ لَشِرْذِمَةٌ قَلِيلُونَ۝**<br>ကေန်ပင် အသေးအဖွဲ့ အုပ်စုမျှသာ ဖြစ်သော ထိုသူများ– |
| ၅၅။ | **وَإِنَّهُمْ لَنَا لَغَائِظُونَ۝**<br>သူတို့သည် ကျွန်ုပ်တို့အား ရန်စကြပြီ။ |
| ၅၆။ | **وَإِنَّا لَجَمِيعٌ حَاذِرُونَ۝**<br>ကျွန်ုပ်တို့အားလုံး အသင့်ပြင်ကြလော့၊ (ဟု တပ်လှန့်၏။) |
| ၅၇။<br>ဖာရိုး<br>လူတို့ | **فَأَخْرَجْنَاهُم مِّن جَنَّاتٍ وَعُيُونٍ۝**<br>သို့ဖြင့် ငါသည် **သူတို့**ကို ထုတ်ပယ်လိုက်သည်မှာ ဥယျာဉ် စိမ့်စမ်းများအတွင်းမှ– |
| ၅၈။ | **وَكُنُوزٍ وَمَقَامٍ كَرِيمٍ۝** |

| | |
|---|---|
| | ရတနာရွှေငွေ ကျက်သရေရှိသော ဘုံဌာနေမှ ဖြစ်၏။ |
| ၅၉။ | كَذٰلِكَ وَأَوْرَثْنَاهَا بَنِي إِسْرَائِيلَ۞<br>ဤသို့ဖြင့် ငါသည် ဂျူးလူမျိုးတို့ကို အမွေဆက်ခံစေတော်မူ၏။ |
| ၆၀။ | فَأَتْبَعُوهُم مُّشْرِقِينَ۞<br>၎င်းတို့သည် သူတို့အား အရှေ့ဘက်တွင် နောက်မှလိုက်၏။ |
| ၆၁။ | فَلَمَّا تَرَاءَى الْجَمْعَانِ قَالَ أَصْحَابُ مُوسَى إِنَّا لَمُدْرَكُونَ۞<br>အုပ်စုနှစ်ခု အချင်းချင်း မြင်ရသောအခါ မူဆာ၏ ဝိုင်းသားများက “ကျွန်ုပ်တို့မှာ အဖမ်းခံရလေလေတွ့်။”ဟု ပြောကြ၏။ |
| ၆၂။ | قَالَ كَلَّا إِنَّ مَعِيَ رَبِّي سَيَهْدِينِ۞<br>သူက “မဟုတ်ပြီ။ ကံကြမ္မာရှင်သည် ကျွန်ုပ်နှင့်အတူရှိ၍၊ ကျွန်ုပ်အား လမ်းညွှန်တော်မူအံ့။”ဟု ဆို၏။ |
| ၆၃။<br>☆၂း၆၀<br>★၂း၆၀ | فَأَوْحَيْنَا إِلَى مُوسَى أَنِ اضْرِب بِّعَصَاكَ الْبَحْرَ فَانفَلَقَ فَكَانَ كُلُّ فِرْقٍ كَالطَّوْدِ الْعَظِيمِ۞<br>ငါက မူဆာအား “သင့် လက်ထောက်ဖြင့်☆ ပင်လယ်ဝမှ ချီလော့၊”★ဟု အာရုံစျာန် ကိန်းဝပ်ပေး၏၊ သို့ဖြင့် အပိုင်းကွဲသွားခဲ့၏။ တစ်ပိုင်းစီမှာ တောင်နံရံကြီးကဲ့သို့ ဖြစ်၏။[၇၇၄] |
| ၆၄။ | وَأَزْلَفْنَا ثَمَّ الْآخَرِينَ۞<br>ထို့နောက် အခြားလူတို့ကို ထိုနေရာသို့ ဆောင်တော်မူ၏။ |
| ၆၅။ | وَأَنجَيْنَا مُوسَى وَمَن مَّعَهُ أَجْمَعِينَ۞<br>မူဆာနှင့် သူ့အုပ်စုဝင်များကို ငါသည် ကယ်နုတ်တော်မူပြီ။ |
| ၆၆။ | ثُمَّ أَغْرَقْنَا الْآخَرِينَ۞<br>အခြားသူတို့အား နစ်မြုပ်စေတော်မူ၏။ |
| ၆၇။ | إِنَّ فِي ذٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞<br>ကေပန် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏။ သို့သော် သူတို့မှ အများစုသည် ယုံကြည်ကြသည် မဟုတ်ချေ။[၇၇၅] |

---

(၇၇၄) ကိုယ်တော်မူဆာသည် သူ့တောင်ဝှေးဖြင့် ရိုက်လိုက်၍ ပင်လယ်ကြီး နှစ်ခြမ်းကွဲသွားခြင်း မဟုတ်ချေ။ (၂း၅၀၊ ၆၀) တွင် ကြည့်ပါ။ ကိုယ်တော်မူဆာတို့ ဖြတ်သွားသော လမ်းကို **ခြောက်သွေ့သောလမ်း**ဟု ၂၀း၇၇ တွင် အတိအကျ ပြောထားပြီး ဖြစ်သည်။ ကိုယ်တော်မူဆာတို့ လူစု ဖြတ်သွားပြီးမှ ဒီရေတက်လာခြင်း ဖြစ်ပေသည်။ ထိုအကြောင်းကို ရန်သူများသည် အရှေ့ဘက်မှ ရှိ၍၊ သူတို့အချင်းချင်း လှမ်းမြင်ရသော အဆင့်တွင်သာ ရှိသေးသော အချိန်ကာလက သက်သေတည်လျှက် ရှိသည်။ ရန်သူများသည် ကိုယ်တော်မူဆာတို့ လူစုအား ဂုတ်ပိုးကို ဆွဲနိုင်လောက်သော နီးကပ်မှုတွင် မရှိသေးချေ။ ရန်သူတပ်ကြီး နှစ်ခုလှမ်းမြင်ရသော အခြေအနေမှာ ဒီရေအတက် အကျအတွက် လုံလောက်သော ကွာဟသည့် အချိန်ဖြစ်ပေသည်။ ကိုယ်တော်မူဆာတို့လူစုကြီး ပင်လယ်ဝအား ဖြတ်သွားပြီးသော အချိန်တွင် ဒီရေတက်လာမှုကြောင့် လူစုကြီးနှစ်စုကို တောင်နံရံကြီးများဖြင့် စည်းခြားသလို ဖြစ်သွားရကြောင်း ဤသုတ်တော်က ရှင်းလင်းထားပေသည်။ ထိုတောင်နံရံဟူသော စကားလုံးသည် အစည်းအတား တောင်ကုန်းဟုသာ ဖြစ်၍၊ လှိုင်းတန်ပိုးကြီးဟု ပြောဆိုထားခြင်း မရှိချေ။ လှိုင်းတန်ပိုးကြီးဟု ပြန်ဆိုခြင်းသည် အစာသွပ် ပြန်ဆိုခြင်းသာ ဖြစ်ပေသည်။

(၇၇၅) ကိုယ်တော်မူဆာအား အချိန်အခါ၊ အခြေအနေကို ချိန်ဆတတ်သည့် အသိဉာဏ်ကိုသာ ပရမတ်ဘုရားရှင်က ကိန်းဝပ်ပေးခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် သူသည် သူ့လူမျိုးတို့အား မြစ်ပြင်ကို ဖြတ်၍ ဆောင်ကြဉ်းသွားနိုင်ခဲ့ခြင်း ဖြစ်သည်။ နောက်မှာ လိုက်လာသူများသည် ရန်သူကို ချေမှုန်းလိုဇော တစ်ခုသာ သိ၍၊ အခြေအနေ အချိန်အခါအား သုံးသပ်နိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ဒီရေအတက်တွင် နစ်မြုပ်သွားရခြင်း ဖြစ်ပေသည်။ ဒဏ္ဍာရီလာ ပုံပြင်အတိုင်း ကိုယ်တော်မူဆာ၏ တောင်ဝှေးဖြင့် တန်ခိုးကြီးပြခဲ့ပါက– ကိုယ်တော်မူဆာအား မည်သူက မယုံကြည်နိုင်ဘဲ နေခဲ့မည်နည်း၊ ဤသုတ်တော်ပါ “သူတို့အများစုကြီးမှာ ယုံကြည်ကြသည် မဟုတ်ချေ” ဆိုသော စကားက ထိုဖြစ်ရပ်ကြီးသည် သဘာဝလွန် ဖြစ်ရပ်ကြီးမဟုတ်ကြောင်းကို လွန်စွာ ထင်ရှားရှင်းလင်း စေပေသည်။

| | |
|---|---|
| ၆၈။ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၆၉။ | وَاتْلُ عَلَيْهِمْ نَبَأَ إِبْرَاهِيمَ۞<br>အီဗရာဟီးမ်နှင့် စပ်လျဉ်းသော သတင်းကို သူတို့အား ရွတ်ပြလော့။ |
| ၇၀။ | إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا تَعْبُدُونَ۞<br>သူက သူ့ဖခင်နှင့် သူ့လူမျိုးအား "မည်သည့်အရာကို ကိုးကွယ်နေကြသနည်း"ဟု မေးသော်– |
| ၇၁။ | قَالُوا نَعْبُدُ أَصْنَامًا فَنَظَلُّ لَهَا عَاكِفِينَ۞<br>သူတို့က "ဆင်းတုတော်များကို ကျွန်ုပ်တို့ ကိုးကွယ်၏၊ ၎င်းတို့ကို သဒ္ဓါကြည်ညို ဖက်တွယ်လှ၏"ဟု ပြန်ပြော၏။ |
| ၇၂။ | قَالَ هَلْ يَسْمَعُونَكُمْ إِذْ تَدْعُونَ۞<br>သူပြောပြန်သည်မှာ "သင်တို့ ဆုတောင်းသည်ကို ၎င်းတို့ ကြားကြသလော၊– |
| ၇၃။ | أَوْ يَنفَعُونَكُمْ أَوْ يَضُرُّونَ۞<br>သို့မဟုတ် သင်တို့အား အကျိုးပေးနိုင်သလော၊ အဆိုးကောပေးနိုင်သလော၊"ဟု ဖြစ်၏။ |
| ၇၄။ | قَالُوا بَلْ وَجَدْنَا آبَاءَنَا كَذَٰلِكَ يَفْعَلُونَ۞<br>သူတို့က "အမှန်မှာ– ဤသို့ကျင့်ကြံသည်ကို မိရိုးဖလာအလျောက် ကျွန်ုပ်တို့ တွေ့ရ၏"ဟု ပြန်ပြော၏။ |
| ၇၅။ | قَالَ أَفَرَأَيْتُم مَّا كُنتُمْ تَعْبُدُونَ۞<br>သူက ပြောသည်မှာ "သင်တို့ ကိုးကွယ်ဆည်းကပ်ရာများကို ဆင်ခြင်လော့၊ |
| ၇၆။ | أَنتُمْ وَآبَاؤُكُمُ الْأَقْدَمُونَ۞<br>သင်တို့နှင့် သင်တို့၏ ဘဘိုးများ စွဲမြဲခဲ့ကြပြီ။ |
| ၇၇။ | فَإِنَّهُمْ عَدُوٌّ لِّي إِلَّا رَبَّ الْعَالَمِينَ۞<br>၎င်းတို့သည် ကျွန်ုပ်နှင့် အတိုက်အခံ ဖြစ်၏။ ကျွန်ုပ်အတွက်မူ လောကခပ်သိမ်း၏ ကံကြမ္မာရှင်သာ ရှိ၏။ |
| ၇၈။ | الَّذِي خَلَقَنِي فَهُوَ يَهْدِينِ۞<br>ကျွန်ုပ်အား ဖြစ်တည်စေသော အရှင်သည် ကျွန်ုပ်အား လမ်းညွှန်ပေး၏။ |
| ၇၉။ | وَالَّذِي هُوَ يُطْعِمُنِي وَيَسْقِينِ۞<br>အရှင်သည် ကျွန်ုပ်အား အစားအစာပေး၏၊ သောက်ရေပေး၏။ |
| ၈၀။ | وَإِذَا مَرِضْتُ فَهُوَ يَشْفِينِ۞<br>ကျွန်ုပ်ဖျားနေသောအခါ၊ ဆေးကုပေး၏။ |
| ၈၁။ | وَالَّذِي يُمِيتُنِي ثُمَّ يُحْيِينِ۞<br>အရှင်သည် ကျွန်ုပ်အား သေခြင်းကို ဖြစ်စေ၏၊ တဖန် ရှင်ခြင်းကို ဖြစ်စေ၏။ |
| ၈၂။ | وَالَّذِي أَطْمَعُ أَن يَغْفِرَ لِي خَطِيئَتِي يَوْمَ الدِّينِ۞ |

| | |
|---|---|
| | စီရင်ခြင်းချမည့်နေ့ကာလ၌ အရှင်သည်  ကျွန်ုပ်၏ မေ့မှားပြစ်များကို လွတ်ငြိမ်းစေမည်ဟု ကျွန်ုပ် ဘဝင်ဖြစ်မိ၏။ |
| ၈၃။ | رَبِّ هَبْ لِي حُكْمًا وَأَلْحِقْنِي بِالصَّالِحِينَ۞<br>အို ကံကြမ္မာရှင် တပည့်တော်အား ဓမ္မသတ်ဉာဏ်ကို ပေးတော်မူပါ၊ ပြုပြင်သူများတွင် ပါဝင်စေတော်မူပါ၊ |
| ၈၄။ | وَاجْعَل لِّي لِسَانَ صِدْقٍ فِي الْآخِرِينَ۞<br>နောင်လာနောက်သားတို့၏ နှုတ်လျှာတွင် တပည့်တော်သည် ဖြောင့်မှန်သူအဖြစ် စီမံပေးတော်မူပါ။ |
| ၈၅။ | وَاجْعَلْنِي مِن وَرَثَةِ جَنَّةِ النَّعِيمِ۞<br>ဂုဏ်ရှိသော ဥယျာဉ်ဘုံ၌ အမွေစားအမွေးခံအဖြစ် စီမံပေးတော်မူပါ၊ |
| ၈၆။ | وَاغْفِرْ لِأَبِي إِنَّهُ كَانَ مِنَ الضَّالِّينَ۞<br>အပါယ်လမ်း၌ ရှိနေသော တပည့်တော်၏ ဖခင်အား လွတ်ငြိမ်းခွင့် ပေးတော်မူပါ။ |
| ၈၇။ | وَلَا تُخْزِنِي يَوْمَ يُبْعَثُونَ۞<br>ရှင်ပြန်နိုးကြွရမည့်နေ့ကာလ၌ တပည့်တော်သည် အသရေပျက်ရသူမှ မဖြစ်ပါရစေနှင့်။ |
| ၈၈။ | يَوْمَ لَا يَنفَعُ مَالٌ وَلَا بَنُونَ۞<br>ထိုနေ့တွင် ဥစ္စာပစ္စည်း၊ သားသမီးများက ကိုယ်စားခံပေး၍ မရနိုင်ချေ။ |
| ၈၉။ | إِلَّا مَنْ أَتَى اللَّهَ بِقَلْبٍ سَلِيمٍ۞<br>ပရမတ်ဘုရားရှင်၏ ထံသို့ အေးငြိမ်းသော နှလုံးသားဖြင့် လာသူသည်သာ ကင်းလွတ်၏။ |
| ၉၀။ | وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ۞<br>စည်းစောင့်သူများဘက်သို့ ဥယျာဉ်ဘုံသည် ဘက်လိုက်၍ နေ၏။ |
| ၉၁။ | وَبُرِّزَتِ الْجَحِيمُ لِلْغَاوِينَ۞<br>လမ်းချော်သူများအတွက် ငရဲဘုံသည် မျက်ဝါးထင်ထင် ရှိလတ္တံ့၊ |
| ၉၂။ | وَقِيلَ لَهُمْ أَيْنَ مَا كُنتُمْ تَعْبُدُونَ۞<br>သူတို့အား မေးမည်မှာ "သင်တို့ ကိုးကွယ်ခဲ့သည့် အရာများ အဘယ်မှာနည်း– |
| ၉၃။ | مِن دُونِ اللَّهِ هَلْ يَنصُرُونَكُمْ أَوْ يَنتَصِرُونَ۞<br>ပရမတ်ဘုရားရှင်အား အံတုလျှက် သင်တို့အား ကူညီနိုင်သလော၊ သို့မဟုတ် သူတို့ကိုယ်သူတို့ ကူညီနိုင်သလော၊"ဟု ဖြစ်၏။ |
| ၉၄။ | فَكُبْكِبُوا فِيهَا هُمْ وَالْغَاوُونَ۞<br>တွန်းချခံရမည့် သူများမှ– သူတို့၊ လမ်းချော်သူများနှင့်– |
| ၉၅။<br>☆၂း၃၄ | وَجُنُودُ إِبْلِيسَ أَجْمَعُونَ۞<br>ရှေးရိုးစွဲ☆ တပ်အင်အားစု အားလုံးပင် ဖြစ်၏။ |
| ၉၆။ | قَالُوا وَهُمْ فِيهَا يَخْتَصِمُونَ۞<br>သူတို့ချင်း အချေအတင်ဖြစ်မှု၌ ပြောကြမည်မှာ– |

| | |
|---|---|
| ၉၇။ | تَاللَّهِ إِن كُنَّا لَفِي ضَلَالٍ مُّبِينٍ۞<br>ပရမတ်ဘုရားရှင်အား တိုင်တည်လျက်၊ ကျွန်ုပ်တို့သည်ကား ရှင်းလင်းသော အပါယ်လမ်း၌ ရှိကြပြီ၊ |
| ၉၈။ | إِذْ نُسَوِّيكُم بِرَبِّ الْعَالَمِينَ۞<br>ကျွန်ုပ်တို့သည် လောကခပ်သိမ်း ကံကြမ္မာရှင်၏ သဏ္ဍာန်မှတ်ခဲ့မိသော သင်တို့- |
| ၉၉။ | وَمَا أَضَلَّنَا إِلَّا الْمُجْرِمُونَ۞<br>ရာဇဝတ်ကောင်များက ကျွန်ုပ်တို့အား အပါယ်သို့ပို့ခဲ့သည်သာ ဖြစ်၏။ |
| ၁၀၀။ | فَمَا لَنَا مِن شَافِعِينَ۞<br>ကျွန်ုပ်တို့အတွက်မူ အမျှဝေပေးနိုင်သူ မရှိလေတကား။ |
| ၁၀၁။ | وَلَا صَدِيقٍ حَمِيمٍ۞<br>ဖြောင့်မှန်သော မိတ်ဆွေလည်း မရှိလေပြီ။ |
| ၁၀၂။ | فَلَوْ أَنَّ لَنَا كَرَّةً فَنَكُونَ مِنَ الْمُؤْمِنِينَ۞<br>အကယ်၍ ကျွန်ုပ်တို့မှာ တစ်ခါက်ပြန်ခွင့်ရခဲ့လျှင်၊ ယုံကြည်သူများ အနက်မှ ဖြစ်ရပေအံ့၊”ဟု ဖြစ်၏။ |
| ၁၀၃။ | إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞<br>ကေန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၀၄။ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၀၅။ | كَذَّبَتْ قَوْمُ نُوحٍ الْمُرْسَلِينَ۞<br>နူးဟ်၏ လူမျိုးတို့သည် ဥဏ်စဉ်ဆောင်များကို ငြင်းဆန်ကြ၏။ |
| ၁၀၆။<br>☆၃း၃၃ | إِذْ قَالَ لَهُمْ أَخُوهُمْ نُوحٌ أَلَا تَتَّقُونَ۞<br>သူတို့၏ သားချင်း နူးဟ်က☆ ပြောသည်မှာ “သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော- |
| ၁၀၇။ | إِنِّي لَكُمْ رَسُولٌ أَمِينٌ۞<br>ကျွန်ုပ်သည် သင်တို့အတွက် သစ္စာရှိသော ဥဏ်စဉ်ဆောင် ဖြစ်၏၊ |
| ၁၀၈။ | فَاتَّقُوا اللَّهَ وَأَطِيعُونِ۞<br>ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့၊ |
| ၁၀၉။ | وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ۞<br>ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးအမြတ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် အကျိုးမှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။ |
| ၁၁၀။ | فَاتَّقُوا اللَّهَ وَأَطِيعُونِ۞<br>သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့၊”ဟု ဖြစ်၏။ |

| | |
|---|---|
| ၁၁၁။ | قَالُوا أَنُؤْمِنُ لَكَ وَاتَّبَعَكَ الْأَرْذَلُونَ۞<br>သူတို့က “ကျွန်ုပ်တို့ သင့်ကိုယုံကြည်ရမည်လော၊ သင့်အား အောက်တန်းစားတို့သာ ယုံကြည်နေကြ၏၊”ဟု ဆို၏။ |
| ၁၁၂။ | قَالَ وَمَا عِلْمِي بِمَا كَانُوا يَعْمَلُونَ۞<br>သူက ပြန်ပြောသည်မှာ “သူတို့ မည်သို့ပြုကျင့်နေသည်များကို ကျွန်ုပ် အသို့ သိအံ့နည်း၊” |
| ၁၁၃။ | إِنْ حِسَابُهُمْ إِلَّا عَلَى رَبِّي لَوْ تَشْعُرُونَ۞<br>သူတို့အား စာရင်းရှင်းခြင်းသည် ကံကြမ္မာရှင်နှင့်သာ ဆိုင်၏၊ သင်တို့ သတိမူမိ နိုင်ပါစ၊– |
| ၁၁၄။ | وَمَا أَنَا بِطَارِدِ الْمُؤْمِنِينَ۞<br>–ကျွန်ုပ်အနေဖြင့် ယုံကြည်သူများကို လက်မခံရန် မရှိချေ၊– |
| ၁၁၅။ | إِنْ أَنَا إِلَّا نَذِيرٌ مُّبِينٌ۞<br>–ကျွန်ုပ်သည်ကား သတိပေးသူ ရိုးရိုးမျှသာ ဖြစ်သည်–”ဟု ဖြစ်သော်။ |
| ၁၁၆။ | قَالُوا لَئِن لَّمْ تَنتَهِ يَا نُوحُ لَتَكُونَنَّ مِنَ الْمَرْجُومِينَ۞<br>သူတို့က “အသင်သည် မရပ်တန့်လျှင်၊– အို နူးဟ်– သင်သည် ခဲထုသတ်ခံရသူများမှ ဖြစ်ရချေမည်၊”ဟု ဆိုကြ၏။ |
| ၁၁၇။ | قَالَ رَبِّ إِنَّ قَوْمِي كَذَّبُونِ۞<br>သူ ဆုတောင်းသည်မှာ “အို ကံကြမ္မာရှင်၊ တပည့်တော်၏ လူမျိုးသည် ငြင်းဆန်ကြပေပြီ၊– |
| ၁၁၈။ | فَافْتَحْ بَيْنِي وَبَيْنَهُمْ فَتْحًا وَنَجِّنِي وَمَن مَّعِي مِنَ الْمُؤْمِنِينَ۞<br>တပည့်တော်နှင့် သူတို့အကြား လမ်းဖွင့်ခြင်းဖြင့် ဖွင့်ပေးတော်မူပါ။ တပည့်တော်၊ တပည့်တော်နှင့်အတူရှိသော ယုံကြည်သူများကို ကယ်နုတ်တော်မူပါ၊”ဟု ဖြစ်၏။ |
| ၁၁၉။ | فَأَنجَيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ الْمَشْحُونِ۞<br>ငါသည် သူ၊ သူနှင့်အတူရှိသော သူတို့ကို တင်ဆောင်သော ရေယာဉ်ဖြင့် ကယ်နုတ်တော်မူ၏။ |
| ၁၂၀။ | ثُمَّ أَغْرَقْنَا بَعْدُ الْبَاقِينَ۞<br>ထို့နောက်တွင် ကျန်သူများကို နစ်မြုပ်စေလိုက်၏။ |
| ၁၂၁။ | إِنَّ فِي ذَلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞<br>ကေန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၂၂၊ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၂၃။<br>☆၇း၆၅ | كَذَّبَتْ عَادٌ الْمُرْسَلِينَ۞<br>အာဒ်☆ တို့သည် ဥဇ္ဇက်စဉ်ဆောင်များကို ငြင်းဆန်ခဲ့ကြပြီ။ |
| ၁၂၄။ | إِذْ قَالَ لَهُمْ أَخُوهُمْ هُودٌ أَلَا تَتَّقُونَ۞<br>သူတို့၏ သားချင်း ဟု–ဒ်က ပြောသည်မှာ “သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော– |

| | |
|---|---|
| ၁၂၅။ | **إِنِّي لَكُمْ رَسُولٌ أَمِينٌ۝**<br>ကျွန်ုပ်သည် သင်တို့အတွက် သစ္စာရှိသော ဥာဏ်စဉ်ဆောင် ဖြစ်၏၊ |
| ၁၂၆။ | **فَاتَّقُوا اللَّهَ وَأَطِيعُونِ۝**<br>ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့၊ |
| ၁၂၇။ | **وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۝**<br>ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးအမြတ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် အကျိုးမှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။ |
| ၁၂၈။ | **أَتَبْنُونَ بِكُلِّ رِيعٍ آيَةً تَعْبَثُونَ۝**<br>သင်တို့သည် တောင်ထွဋ်ကိုယ်စီ၌ လက္ခဏာရပ်ကို တည်ဆောက်ကြသလော၊ ဟန်ရေးပြသာ ဖြစ်၏။ |
| ၁၂၉။ | **وَتَتَّخِذُونَ مَصَانِعَ لَعَلَّكُمْ تَخْلُدُونَ۝**<br>ကာလမဲ့တည်တံ့နိုင်အံ့ငှာ ရဲတိုက်ကြီးများကို သိမ်းယူကြကုန်၏။ |
| ၁၃၀။ | **وَإِذَا بَطَشْتُمْ بَطَشْتُمْ جَبَّارِينَ۝**<br>သင်တို့သည် ကျူးကျော်သော အခါ ညှာတာစိတ်မရှိ ကျူးကျော်တိုက်ခိုက်ကြ၏။ |
| ၁၃၁။ | **فَاتَّقُوا اللَّهَ وَأَطِيعُونِ۝**<br>ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။ |
| ၁၃၂။ | **وَاتَّقُوا الَّذِي أَمَدَّكُم بِمَا تَعْلَمُونَ۝**<br>သိထားသည့်အတိုင်း သင်တို့ကို တိုးရွေ့ခွင့်ပြုသည့် အရှင်အား စည်းစောင့်ကြကုန်လော့၊[၇၇၆] |
| ၁၃၃။ | **أَمَدَّكُم بِأَنْعَامٍ وَبَنِينَ۝**<br>အရှင်သည် သင်တို့အား ကျယ်ဝန်းစေသည်မှာ တိရိစ္ဆာန်များ၊ သားသမီးများ– |
| ၁၃၄။ | **وَجَنَّاتٍ وَعُيُونٍ۝**<br>ဥယျာဉ်ခြံ စမ်းချောင်းများ ဖြစ်၏။ |
| ၁၃၅။ | **إِنِّي أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ عَظِيمٍ۝**<br>သင်တို့အား ဝဋ်ကြွေးသင့်မည့် နေ့ကာလကြီးကို ကျွန်ုပ် ကြောက်မိသည်၊”ဟု ဖြစ်၏။ |
| ၁၃၆။ | **قَالُوا سَوَاءٌ عَلَيْنَا أَوَعَظْتَ أَمْ لَمْ تَكُن مِّنَ الْوَاعِظِينَ۝**<br>သူတို့က ပြန်ပြောသည်မှာ “ကျွန်ုပ်တို့အား သင် သြဝါဒပေးသည် ဖြစ်စေ၊ သြဝါဒမပေးသည် ဖြစ်စေ မထူးပြီ၊ |
| ၁၃၇။ | **إِنْ هَذَا إِلَّا خُلُقُ الْأَوَّلِينَ۝** |

(၇၇၆) သုတ်တော် ၁၂၈ မှာ ၁၃၄ အထိသည်  အာဒ်လူမျိုးတို့၏ တန်ခိုးထွားခဲ့ပုံကို ပြဆိုသည်၊ သူတို့သည် တောင်ထိပ်များ၌ အောင်လံလွှင့်ထူထားနိုင်ကြောင်း သို့သော် ၎င်းတို့သည် လောကီခဏ ဟန်ရေးပြများသာ ဖြစ်ကြောင်း ၁၂၈ တွင် ဆိုပြီး သူတို့သည် အခြားသူများ၏ ပိုင်နက်များကို အညှာတာကင်းမဲ့စွာ တိုက်ခိုက် အနိုင်ယူခဲ့ခြင်း ၁၃၀၊ နယ်မြေများကို တိုးချဲ့နိုင်ခဲ့ခြင်း ၁၃၂၊ ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများ များပြားလာခဲ့ခြင်း ၁၃၃၊ ၁၃၄ စသည်ဖြင့် ပြောဆိုထားပေသည်။ မည်သည့် အင်ပါယာ မဆို နောက်ဆုံးတွင် ကျဆုံးရကြောင်း၊ ထို့ကြောင့် မိမိကောင်းစားစဉ်တွင် ကောင်းမွန်သော အကျင့်အကြံများကို ပြုမူလုပ်ဆောင်ရန် လိုအပ်ကြောင်းကို ကျမ်းတော်က ပမာပေး သွန်သင်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | အမှန်ပင် ဤသည်မှာ ရှေးသူဟောင်းတို့၏ လုပ်ဇတ်အတိုင်းသာ ဖြစ်၏။ |
| ၁၃၈။ | وَمَا نَحْنُ بِمُعَذَّبِينَ۞<br>ကျွန်ုပ်တို့သည် ဝဋ်သင့်ကောင်များ မဟုတ်ချေ။ |
| ၁၃၉။ | فَكَذَّبُوهُ فَأَهْلَكْنَاهُمْ إِنَّ فِي ذَٰلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞<br>သူတို့သည် ထိုသို့ ငြင်းဆန်ကြကုန်၏၊ သို့ဖြင့် ငါသည် သူတို့အား တိမ်ကောစေလိုက်ပြီ။ ကေန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၄၀။ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၄၁။ | كَذَّبَتْ ثَمُودُ الْمُرْسَلِينَ۞<br>သမု–တ်တို့သည် ဥာဏ်စဉ်ဆောင်များကို ငြင်းဆန်ခဲ့ကြပြီ။ |
| ၁၄၂။ | إِذْ قَالَ لَهُمْ أَخُوهُمْ صَالِحٌ أَلَا تَتَّقُونَ۞<br>သူတို့၏ သားချင်း ဆွာလေဟ်က ပြောသည်မှာ “သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော– |
| ၁၄၃။ | إِنِّي لَكُمْ رَسُولٌ أَمِينٌ۞<br>ကျွန်ုပ်သည် သင်တို့အတွက် သစ္စာရှိသော ဥာဏ်စဉ်တော်ဆောင် ဖြစ်၏၊ |
| ၁၄၄။ | فَاتَّقُوا اللَّهَ وَأَطِيعُونِ۞<br>ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။ |
| ၁၄၅။ | وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۞<br>ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးအမြတ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် အကျိုးမှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။ |
| ၁၄၆။ | أَتُتْرَكُونَ فِي مَا هَاهُنَا آمِنِينَ۞<br>သင်တို့အား အမြဲ ဘေးကင်းလုံခြုံခြင်း၌ ချန်ပေးထားမည်လော၊ |
| ၁၄၇။ | فِي جَنَّاتٍ وَعُيُونٍ۞<br>ဥယျာဉ်များ စိမ့်စမ်းများ၌– |
| ၁၄၈၊ | وَزُرُوعٍ وَنَخْلٍ طَلْعُهَا هَضِيمٌ۞<br>ပွင့်မာလ်များနှင့် ပြွန်းသော ထွန်စိုက်ခင်းများ စွံပလွန်ခင်းများ၌– |
| ၁၄၉။ | وَتَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا فَارِهِينَ۞<br>တောင်များကို ထွင်းဖေါက်၍ ဆောက်သော ပျော်တော်ဆက် အဆောက်အဦးများ၌၊ (လုံခြုံကြသလော။) |
| ၁၅၀။ | فَاتَّقُوا اللَّهَ وَأَطِيعُونِ۞<br>ပရမတ်ဘုရားရှင့်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။ |
| ၁၅၁။ | وَلَا تُطِيعُوا أَمْرَ الْمُسْرِفِينَ۞ |

| | |
|---|---|
| | အလွဲသုံးစားပြုသူများကို မနာခံကြကုန်လင့်။ |
| ၁၅၂။ | الَّذِينَ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ۞<br>သူတို့သည် မြေကမ္ဘာအား အဖျက်အနှောင့်ပြုကြ၏၊ ပြုပြင်ပြောင်းလဲခြင်း မရှိချေ၊”ဟု ဖြစ်၏။ |
| ၁၅၃။ | قَالُوا إِنَّمَا أَنتَ مِنَ الْمُسَحَّرِينَ۞<br>သူတို့က ပြန်ပြောသည်မှာ “အမှန်မှာ အသင်သည် ပြုစားခံရသူမျှသာ ဖြစ်၏။ |
| ၁၅၄။ | مَا أَنتَ إِلَّا بَشَرٌ مِّثْلُنَا فَأْتِ بِآيَةٍ إِن كُنتَ مِنَ الصَّادِقِينَ۞<br>အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားစင်စစ်မျှသာ ဖြစ်၏။ သင်သည် ဖြောင့်မှန်သူမှ ဖြစ်လျှင် နိမိတ်လက္ခဏာရပ်ကို ပေးအပ်လော့၊”ဟု ဖြစ်သော်– |
| ၁၅၅။<br>☆<br>၇:၇၃ | قَالَ هَذِهِ نَاقَةٌ لَّهَا شِرْبٌ وَلَكُمْ شِرْبُ يَوْمٍ مَّعْلُومٍ۞<br>သူက ပြောသည်မှာ “ဤမှာ ကုလားအုပ်မ၊ သတ်မှတ်သော နေ့ကာလတွင် သူမအတွက် သောက်ရေ၊ သင်တို့အတွက် သောက်ရေသည် ရှိစေရမည်၊– ☆ |
| ၁၅၆။ | وَلَا تَمَسُّوهَا بِسُوءٍ فَيَأْخُذَكُمْ عَذَابُ يَوْمٍ عَظِيمٍ۞<br>သူမအား အကုသိုလ်ဖြင့် မထိလင့်၊ သို့ဖြစ်က ဝဋ်ဒဏ် နေ့ကာလကြီးက သင်တို့အား သုတ်ငင်လတ္တံ့၊”ဟု ဖြစ်၏။ |
| ၁၅၇။<br>☆၇:၇၇ | فَعَقَرُوهَا فَأَصْبَحُوا نَادِمِينَ۞<br>သူတို့သည် သူမအား မျိုးဖြုတ်ခဲ့ကြပြီ၊☆ သို့ဖြင့် ယူကြုံးမရ ဖြစ်ရလေတော့၏။ |
| ၁၅၈။ | فَأَخَذَهُمُ الْعَذَابُ إِنَّ فِي ذَلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞<br>သို့ဖြင့် ဝဋ်ကြွေးဒဏ်သည် သူတို့အား သုတ်ငင်လေပြီ။ ကေန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၅၉။ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၆၀။<br>☆<br>၇:၈၀ | كَذَّبَتْ قَوْمُ لُوطٍ الْمُرْسَلِينَ۞<br>လု–တ်☆ လူမျိုးတို့သည် ဉာဏ်စဉ်ဆောင်များအား ငြင်းဆန်ခဲ့ကြပြီ။ |
| ၁၆၁။ | إِذْ قَالَ لَهُمْ أَخُوهُمْ لُوطٌ أَلَا تَتَّقُونَ۞<br>သူတို့၏ သားချင်း လု–တ်က ပြောသည်မှာ “သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော– |
| ၁၆၂။ | إِنِّي لَكُمْ رَسُولٌ أَمِينٌ۞<br>ကျွန်ုပ်သည် သင်တို့အတွက် သစ္စာရှိသော ဉာဏ်စဉ်တော်ဆောင် ဖြစ်၏၊ |
| ၁၆၃။ | فَاتَّقُوا اللَّهَ وَأَطِيعُونِ۞<br>ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။ |
| ၁၆၄။ | وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۞<br>ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးအမြတ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် အကျိုးမှာ လောကခပ်သိမ်း၏ |

| | |
|---|---|
| | ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။ |
| ၁၆၅။ | أَتَأْتُونَ الذُّكْرَانَ مِنَ الْعَالَمِينَ ۞<br>လောကခပ်သိမ်းအနက်မှ လိင်ဖိုများ ထံသို့သာ သင်တို့ လာလိုကြသလော။ |
| ၁၆၆။ | وَتَذَرُونَ مَا خَلَقَ لَكُمْ رَبُّكُمْ مِنْ أَزْوَاجِكُم بَلْ أَنتُمْ قَوْمٌ عَادُونَ ۞<br>သင်တို့အတွက် သင်တို့၏ ကံကြမ္မာရှင်က ဖြစ်တည်ပေးထားသော ပေါင်းဖေါ်များမှ လှည့်ထွက်ခဲ့ကြသလော၊ အမှန်မှာ သင်တို့သည် စည်းဖေါက် လူမျိုးပင် ဖြစ်၏၊''ဟု ဖြစ်သော်– |
| ၁၆၇။ | قَالُوا لَئِن لَّمْ تَنتَهِ يَا لُوطُ لَتَكُونَنَّ مِنَ الْمُخْرَجِينَ ۞<br>သူတို့က ''သင်သည် မရပ်တန့်လျှင်၊ အိုး လု–တ်၊ သင်သည် မောင်းထုတ်ခံရသူအနက်မှ ဖြစ်ရလတ္တံ့၊''ဟု ပြန်ပြော၏။ |
| ၁၆၈။ | قَالَ إِنِّي لِعَمَلِكُم مِّنَ الْقَالِينَ ۞<br>သူက ပြောသည်မှာ ''ကျွန်ုပ်သည် သင်တို့၏ အကျင့်အကြံကို စက်ဆုပ်၏၊'' |
| ၁၆၉။ | رَبِّ نَجِّنِي وَأَهْلِي مِمَّا يَعْمَلُونَ ۞<br>''အို ကံကြမ္မာရှင် တပည့်တော်နှင့် ဝိုင်းသားတို့အား သူတို့၏ အကျင့်အကြံများမှ ကယ်နုတ်တော်မူပါ၊''ဟု ဖြစ်၏။ |
| ၁၇၀။ | فَنَجَّيْنَاهُ وَأَهْلَهُ أَجْمَعِينَ ۞<br>ငါသည် သူနှင့် သူ့ဝိုင်းသား အားလုံးကို ကယ်နုတ်ခဲ့ပြီ။ |
| ၁၇၁။<br>☆<br>၁၁း၈၁ | إِلَّا عَجُوزًا فِي الْغَابِرِينَ ۞<br>သို့သော် အမျိုးသမီးကြီးအား☆ ကျန်ရစ်သူများမှ ဖြစ်စေ၏။ |
| ၁၇၂။ | ثُمَّ دَمَّرْنَا الْآخَرِينَ ۞<br>တဖန် နောက်လူများကို ဖျက်သိမ်းတော်မူလိုက်၏။ |
| ၁၇၃။ | وَأَمْطَرْنَا عَلَيْهِم مَّطَرًا فَسَاء مَطَرُ الْمُنذَرِينَ ۞<br>သူတို့အပေါ်သို့ မိုးကြီး မိုးသည်း ရွာသွန်းစေ၏၊ သတိပေးခံရသူတို့ထံသို့ ရွာသောမိုးမှာ အကုသိုလ်သင့်ရချေပြီ။ |
| ၁၇၄။ | إِنَّ فِي ذَلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ۞<br>ကေန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၇၅။ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၇၆။<br>☆၉း၇၀<br>မိဒိယံ | كَذَّبَ أَصْحَابُ الْأَيْكَةِ الْمُرْسَلِينَ ۞<br>တောတွင်းနေ☆ ဝိုင်းသားများသည် ဥဇ္ဇစဉ်ဆောင်များအား ငြင်းဆန်ခဲ့ကြပြီ။ |
| ၁၇၇။ | إِذْ قَالَ لَهُمْ شُعَيْبٌ أَلَا تَتَّقُونَ ۞<br>ရှုအိုက်ဘ်က ပြောသည်မှာ ''သင်တို့သည် စည်းစောင့်ကြမည် မဟုတ်လော– |
| ၁၇၈။ | إِنِّي لَكُمْ رَسُولٌ أَمِينٌ ۞<br>ကျွန်ုပ်သည် သင်တို့အတွက် သစ္စာရှိသော ဥဇ္ဇစဉ်တော်ဆောင် ဖြစ်၏၊ |

| | |
|---|---|
| ၁၇၉။ | فَاتَّقُوا اللَّهَ وَأَطِيعُونِ۞<br>ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကျွန်ုပ်အား နာခံကြကုန်လော့။ |
| ၁၈၀။ | وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَى رَبِّ الْعَالَمِينَ۞<br>ကျွန်ုပ်သည် ထို့အတွက် သင်တို့ထံမှ အကျိုးအမြတ်ကို မတောင်းချေ၊ ကျွန်ုပ်အတွက် အကျိုးမှာ လောကခပ်သိမ်း၏ ကံကြမ္မာရှင် ထံမှသာ ဖြစ်၏။ |
| ၁၈၁။<br>☆<br>၁၁:၈၄ | أَوْفُوا الْكَيْلَ وَلَا تَكُونُوا مِنَ الْمُخْسِرِينَ۞<br>ကုန်ဖလှယ်ရာ၌ ဖြည့်ဆည်းကြလော့၊ လျှော့ပေါ့ပေးသူတို့မှ မဖြစ်စေကြလင့်၊☆ |
| ၁၈၂။ | وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ۞<br>တည့်တည့်မတ်မတ် မြဲမြံစွာ ချိန်တွယ်ကြလော့။ |
| ၁၈၃။ | وَلَا تَبْخَسُوا النَّاسَ أَشْيَاءهُمْ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ۞<br>လူသားတို့အတွက် သူတို့ရမည့် စံချိန်ကို မလျှော့ကြလင့်၊ မြေကမ္ဘာအား ညစ်ညမ်းစွာ အဖျက်အနှောက် မပြုကြလင့်၊ |
| ၁၈၄။ | وَاتَّقُوا الَّذِي خَلَقَكُمْ وَالْجِبِلَّةَ الْأَوَّلِينَ۞<br>သင်တို့နှင့် ရှေးဦးပထမ မျိုးဆက်များကို ဖြစ်တည်စေသော အရှင်အား စည်းစောင့်ကြလော့၊''ဟု ဖြစ်၏။ |
| ၁၈၅။ | قَالُوا إِنَّمَا أَنتَ مِنَ الْمُسَحَّرِينَ۞<br>သူတို့က ပြန်ပြောသည်မှာ ''အမှန်မှာ အသင်သည် ပြုစားခံရသူမျှသာ ဖြစ်၏။ |
| ၁၈၆။ | وَمَا أَنتَ إِلَّا بَشَرٌ مِّثْلُنَا وَإِن نَّظُنُّكَ لَمِنَ الْكَاذِبِينَ۞<br>အသင်သည် ကျွန်ုပ်တို့ကဲ့သို့ လူသားစင်စစ်မျှသာ ဖြစ်၏။ သင်သည် လူလိမ်အနက်မှ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆ၏၊ |
| ၁၈၇။ | فَأَسْقِطْ عَلَيْنَا كِسَفًا مِّنَ السَّمَاء إِن كُنتَ مِنَ الصَّادِقِينَ۞<br>သင်သည် ဖြောင့်မှန်သူတို့မှ ဖြစ်ခဲ့လျှင် ကောင်းကင် အပိုင်းအစအား ကျွန်ုပ်တို့အပေါ်သို့ ကျိုးကျစေလော့၊''ဟု ဖြစ်၏။ |
| ၁၈၈။ | قَالَ رَبِّي أَعْلَمُ بِمَا تَعْمَلُونَ۞<br>သူပြန်ပြောသည်မှာ ''ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သင်တို့ ကျင့်ကြံလေသမျှကို သိနေတော်မူ၏။ |
| ၁၈၉။ | فَكَذَّبُوهُ فَأَخَذَهُمْ عَذَابُ يَوْمِ الظُّلَّةِ إِنَّهُ كَانَ عَذَابَ يَوْمٍ عَظِيمٍ۞<br>သူတို့သည် သူ့အား ငြင်းဆန်ကြကုန်၏၊ သို့ဖြင့် ဝဋ်ကြွေးဆက်ရမည့် နေ့ကာလ၏ လွှမ်းခြုံခြင်းက သူတို့အား သုတ်ငင်လေပြီ။ ယင်းသည် ဝဋ်ကြွေးသင့်သော နေ့ကာလကြီးပင် ဖြစ်၏။ |
| ၁၉၀။ | إِنَّ فِي ذَلِكَ لَآيَةً وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ۞<br>ကေန်ပင် ဤ၌ သက်သေလက္ခဏာရပ် ရှိနေ၏၊ သို့သော် သူတို့မှ အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၉၁။ | وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် ဘုန်းတော်ရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၉၂။<br>ကျမ်း<br>တော် | وَإِنَّهُ لَتَنزِيلُ رَبِّ الْعَالَمِينَ۞<br>ကေန်ပင် ဤသည် လောကခပ်သိမ်း၏ ကံကြမ္မာရှင်ထံမှ ကိန်းဝပ်ချမှတ်ပေးရာ ဖြစ်၏။ |

| | |
|---|---|
| ၁၉၃။ | نَزَلَ بِهِ الرُّوحُ الْأَمِينُ ۞<br>ၒင်းအားဖြင့် သစ္စာဉာဏ်စဉ်ကို ချမှတ်ပေး၏။[၇၇၇] |
| ၁၉၄။ | عَلَىٰ قَلْبِكَ لِتَكُونَ مِنَ الْمُنذِرِينَ ۞<br>သင်သည် သတိပေးသူတို့မှ ဖြစ်စေခြင်းငှာ ၎င်းကို သင်၏ နှလုံးသား၌ လွှမ်းစေ၏။ |
| ၁၉၅။ | بِلِسَانٍ عَرَبِيٍّ مُّبِينٍ ۞<br>အာရဗီဘာသာရပ်ဖြင့် ရှင်းရှင်းလင်းလင်းပင် ဖြစ်၏။ |
| ၁၉၆။<br>☆၃း၈၁ | وَإِنَّهُ لَفِي زُبُرِ الْأَوَّلِينَ ۞<br>၎င်းကို ရှေးဦးပထမလူတို့၏ ကျမ်းငယ်များ၌ ဖော်ပြပြီး ဖြစ်၏။☆ |
| ၁၉၇။ | أَوَلَمْ يَكُن لَّهُمْ آيَةً أَن يَعْلَمَهُ عُلَمَاءُ بَنِي إِسْرَائِيلَ ۞<br>ဂျူးလူမျိုးမှ ပညာရှင်တို့သည် ၎င်းကို သိကြလျှင်၊ သူတို့အတွက် ၎င်းသည် သက်သေလက္ခဏာရပ် မဟုတ်ပေလော။ |
| ၁၉၈။ | وَلَوْ نَزَّلْنَاهُ عَلَىٰ بَعْضِ الْأَعْجَمِينَ ۞<br>ငါသည် ၎င်းကို အာရဗ်မဟုတ်သူ တစ်ဦးအား ကိန်းဝပ်ချမှတ်ပေးခဲ့ပြီး– |
| ၁၉၉။ | فَقَرَأَهُ عَلَيْهِم مَّا كَانُوا بِهِ مُؤْمِنِينَ ۞<br>အကယ်၍ သူက ၎င်းတို့အား ရွတ်ဖတ်ပြလျှင် သူတို့သည် ၎င်းကို ယုံကြည်လိမ့်မည် မဟုတ်ချေ။ |
| ၂၀၀။ | كَذَٰلِكَ سَلَكْنَاهُ فِي قُلُوبِ الْمُجْرِمِينَ ۞<br>ငါသည် ရာဇဝတ်ကောင်များ၏ နှလုံးသားသို့ ၎င်းကို ဤသို့ ဖေါက်ဝင်သွားစေ၏။ |
| ၂၀၁။ | لَا يُؤْمِنُونَ بِهِ حَتَّىٰ يَرَوُا الْعَذَابَ الْأَلِيمَ ۞<br>သို့သော် သူတို့သည် စူးနစ်သော ဝဋ်ကြွေးဒဏ်ကို မြင်ရသည့်တိုင် ၎င်း၌ ယုံကြည်ကြမည် မဟုတ်ချေ။ |
| ၂၀၂။<br>ဝဋ်<br>ကြွေး | فَيَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ ۞<br>သူတို့ သတိမမူနိုင်မီ **ယင်း**သည် သူတို့ထံသို့ လျှပ်တပြက်တွင် ပေးရောက်လာလတ္တံ့။ |
| ၂၀၃။ | فَيَقُولُوا هَلْ نَحْنُ مُنظَرُونَ ۞<br>သို့ဖြစ်လျှင် သူတို့က ပြောမည်မှာ “ကျွန်ုပ်တို့အတွက် စောင့်ကြည့်နေခွင့် ရဦးမည်လော– |
| ၂၀၄။ | أَفَبِعَذَابِنَا يَسْتَعْجِلُونَ ۞ |

(၇၇၇) ဤသုတ်တော်မှ **ရူးဟ်ဟိုလ်အမီးန်** **رُوحُ الْأَمِينُ** ကို ဆရာတော်ကြီးအများစုက ကောင်းကင်တမန်မင်းကြီး (နတ်မင်းကြီး) ဟု ပြန်ဆိုလျှက်၊ ကျမ်းတော် (ကုရ်အာန်)ကို ထို ကောင်းကင်တမန်မင်းကြီးမှ ယူဆောင်လာသည်ဟု ပြန်ဆိုကြပေသည်။ ထိုသို့ပြန်ဆိုခြင်းမှာ တက်တက်စင်လွဲမှားသော ပြန်ဆိုမှုသာ ဖြစ်ပေသည်။ **ရူးဟ်** ဆိုသည်မှာ လူသားကိုသာ ခေါ်သည်၊ လူသားရရှိသော ဉာဏ်စဉ်ကိုသာ ခေါ်ပေသည်၊ (၂း၈၇။ ၂၀း၁၉)။ ဉာဏ်စဉ်တော်ဆောင် အဆက်ဆက် ရရှိခဲ့သော ကျမ်းတော်၊ ဉာဏ်စဉ်တော် အားလုံးသည် ပရမတ်ဘုရားရှင်နှင့် ဉာဏ်စဉ်ရ လူသားကြား၌ ကောင်းကင်တမန်များက ဆောင်ကြဉ်းပေးရသည်ဟု ကျမ်းတော်က လုံးဝ သွန်သင်မှု မရှိချေ။ ကောင်းကင်တမန် ဆိုသည်မှာ လူသားလောက် ဉာဏ်စဉ်ကို ပိုင် ဆိုင်ခွင့် မရှိချေ။ လူသားကိုပင် ဦးချရသော သူများ ဖြစ်ပေသည်၊ (၂း၃၀)။ ထို့ကြောင့် ဤသုတ်တော်က ပြောသော “၎င်းအားဖြင့် သစ္စာဉာဏ်စဉ်ကို ချမှတ်ပေး၏။” ဆိုသည်မှာ ကုရ်အံကျမ်းတော်သည် ဖေါက်ပြန်ပြောင်းလဲခြင်း အလျှဉ်းမရှိသော သစ္စာဓမ္မကို လူသားအပေါင်းတို့ထံသို့ ဆောင် လာသောကျမ်း ဖြစ်သည်ဟုသာ ဆိုလိုပေသည်။ ထိုအကြောင်းကို ဆက်လက်ပါ သုတ်တော်များကို ဖတ်ခြင်းဖြင့် လုံးဝ ထင်ရှားစွာ သိနိုင်ပေသည်။

| | |
|---|---|
| | ဝင့်ကြွေးဒဏ်ကို အစောတလျှင်ကျရောက်စေမည်လော၊’’ဟု ဖြစ်၏။ |
| ၂၀၅။ | **أَفَرَأَيْتَ إِن مَّتَّعْنَاهُمْ سِنِينَ**۝<br>သင် ဆင်ခြင်သုံးသပ်လော့၊ ငါသည် သူတို့အား နှစ်ရှည်လများ ပျော်ပါးနေစေကာမူ- |
| ၂၀၆။ | **ثُمَّ جَاءَهُم مَّا كَانُوا يُوعَدُونَ**۝<br>သူတို့အား ကတိထားပြီးသားသည် သူတို့ထံသို့ ရောက်ရှိလာမည် သာတည်း။ |
| ၂၀၇။ | **مَا أَغْنَىٰ عَنْهُم مَّا كَانُوا يُمَتَّعُونَ**۝<br>သူတို့အား ပျော်ပါးစေခဲ့ရာများသည် သူတို့အတွက် ကိုလိုပြည့်စုံခြင်း မရှိချေပြီ။ |
| ၂၀၈။ | **وَمَا أَهْلَكْنَا مِن قَرْيَةٍ إِلَّا لَهَا مُنذِرُونَ**۝<br>ငါသည် သတိပေးသူ မရှိစေဘဲလျက် မည်သည့် အရပ်ဒေသကိုမှ တိမ်ကောစေခြင်း မရှိချေ။ |
| ၂၀၉။ | **ذِكْرَىٰ وَمَا كُنَّا ظَالِمِينَ**۝<br>သတိဖေါ်ပေးရန်ဖြစ်၏၊ ငါသည် မည်သို့မှ အဝိဇ္ဇာမသင့်စေပေ။ |
| ၂၁၀။ | **وَمَا تَنَزَّلَتْ بِهِ الشَّيَاطِينُ**۝<br>၎င်းဖြင့် မကောင်းဆိုးဝါးကို ချမှတ်ပေးသည် မဟုတ်ချေ၊ |
| ၂၁၁။ | **وَمَا يَنبَغِي لَهُمْ وَمَا يَسْتَطِيعُونَ**۝<br>သူတို့နှင့် ပတ်သက်ခြင်းမရှိချေ။ သူတို့ စွမ်းဆောင်နိုင်သည်လည်း မဟုတ်ချေ။ |
| ၂၁၂။ | **إِنَّهُمْ عَنِ السَّمْعِ لَمَعْزُولُونَ**۝<br>သူတို့အား ကြားနာနိုင်ခြင်းမှ ဝေးစွာ ဖယ်ရှားထားချေပြီ။ |
| ၂၁၃။ | **فَلَا تَدْعُ مَعَ اللَّهِ إِلَٰهًا آخَرَ فَتَكُونَ مِنَ الْمُعَذَّبِينَ**۝<br>သို့ဖြစ်၍၊ ဝင့်သင့်သူများမှ မဖြစ်စေခြင်းငှာ၊ ပရမတ်ဘုရားရှင်နှင့် တွဲဘက်၍ အခြား ဘုရားများထံ ဆုမတောင်းလင့်၊ |
| ၂၁၄။ | **وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ**۝<br>သင်နှင့် တင်းပြည့်ကျပ်ပြည့် နီးကပ်သူများကို သတိဖေါ်ပေးလော့။ |
| ၂၁၅။ တောင်ပံ | **وَاخْفِضْ جَنَاحَكَ لِمَنِ اتَّبَعَكَ مِنَ الْمُؤْمِنِينَ**۝<br>သင့်အားလိုက်နာသော ယုံကြည်သူများအပေါ် သင့်၏ **လက်ရုံး**ကို နှိမ့်ချလော့။ |
| ၂၁၆။ | **فَإِنْ عَصَوْكَ فَقُلْ إِنِّي بَرِيءٌ مِّمَّا تَعْمَلُونَ**۝<br>သင့်အား အာခံကြလျှင် ‘‘သင်တို့၏ ကျင့်ကြံမှုများမှ ကျွန်ုပ် လွတ်ကင်းသည်၊’’ဟု ဟောကြား၍- |
| ၂၁၇။ | **وَتَوَكَّلْ عَلَى الْعَزِيزِ الرَّحِيمِ**۝<br>ဘုန်းတော်ရှင် အကြင်နာရှင်ထံ၌ ယုံပုံကိုးစားလော့။ |
| ၂၁၈။ | **الَّذِي يَرَاكَ حِينَ تَقُومُ**۝<br>အရှင်သည် သင့်အား မြင်သိနေတော်မူ၏၊ —သင်၏ ရပ်တည်ချက်၌၊ |

| | |
|---|---|
| ၂၁၉။ | **وَتَقَلُّبَكَ فِي السَّاجِدِينَ۞**<br>ဦးညွှတ်နိမ့်ချစဉ် မျှော်ကိုးအားထားမှု၌၊ |
| ၂၂၀။ | **إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ۞**<br>ကေန်ပင် အရှင်သည် ကြားနေ သိနေသော အရှင် ဖြစ်၏။ |
| ၂၂၁။ | **هَلْ أُنَبِّئُكُمْ عَلَى مَن تَنَزَّلُ الشَّيَاطِينُ۞**<br>မကောင်းဆိုးဝါးသည် မည်သူ့အား ကိန်းဝပ်ချမှတ်ပေးသည်ကို ဆင့်ပြန်ရမည်လော။ |
| ၂၂၂။ | **تَنَزَّلُ عَلَى كُلِّ أَفَّاكٍ أَثِيمٍ۞**<br>မကောင်းသော လုပ်ဇာတ်ဆရာကိုယ်စီသို့ ကိန်းဝပ်ချမှတ်၏။ |
| ၂၂၃။ | **يُلْقُونَ السَّمْعَ وَأَكْثَرُهُمْ كَاذِبُونَ۞**<br>နားထောင်ဟန်ပြုကြ၏။ သူတို့မှ အများစုကြီးမှာ ငြင်းဆန်သူများပင် ဖြစ်၏။ |
| ၂၂၄။ | **وَالشُّعَرَاء يَتَّبِعُهُمُ الْغَاوُونَ۞**<br>ကဗျာလင်္ကာဆရာများ၊ သူတို့သည် လမ်းချော်သူများ၏ လိုက်နာခြင်းကို ခံရ၏။ |
| ၂၂၅။ | **أَلَمْ تَرَ أَنَّهُمْ فِي كُلِّ وَادٍ يَهِيمُونَ۞**<br>သင် မသုံးသပ်မိသလော၊ သူတို့သည် တောင်ကြားကိုယ်စီ၌ အကန်းလမ်းပျောက် ဖြစ်နေ၏၊[၇၇၈] |
| ၂၂၆။ | **وَأَنَّهُمْ يَقُولُونَ مَا لَا يَفْعَلُونَ۞**<br>သူတို့ မကျင့်ကြံရာကို သူတို့ ပြောဆိုနေကြ၏။ |
| ၂၂၇။ | **إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ وَذَكَرُوا اللَّهَ كَثِيرًا وَانتَصَرُوا مِن بَعْدِ مَا ظُلِمُوا وَسَيَعْلَمُ الَّذِينَ ظَلَمُوا أَيَّ مُنقَلَبٍ يَنقَلِبُونَ۞**<br>ယုံကြည်၍ ပြုပြင်ပြောင်းလဲမှု ကျင့်ကြံသော သူများသည်သာ ပရမတ်ဘုရားရှင်အား မြောက်များစွာ သတိရရှုမှတ်ကြ၏၊ သူတို့အား အဝိဇ္ဇာသင့်ချိန်၌ သူတို့ကိုယ်သူတို့ ကူညီကြ၏။ အဝိဇ္ဇာကောင်တို့သည် မည်သည့် အွန္တိမပန်းတိုင်သို့ သူတို့ လှည့်ရမည်ကို သိလာရလတ္တံ့။ |

(၇၇၈) ထိုအတွေးအခေါ် ဒသန ဆရာများသည် မိမိတို့၏ အသိုင်းအဝိုင်းများကြား၌ သာယာပျော်မြူး နေခြင်းတည်းဟူသည့် လှောင်ပိတ်နေသော ကိုယ်စီကိုယ်စီ တောင်ကြားနံရံများကြား၌ လမ်းပျောက်နေကြကြောင်းကို ဤသုတ်တော်က ဖေါ်ပြခြင်း ဖြစ်ပေသည်။ ထိုဒသနများသည် အသိုင်းအဝိုင်းတစ်ခုအတွင်း၊ ခေတ်ကာလ တစ်ခုအတွင်း၌သာ ရှင်သန်နိုင်ပေသည်။ ထိုထက်ကျော်လွန်၍ ဖေါက်ထွက်နိုင်ခြင်းမျာ မဖြစ်နိုင်ချေ။ လောကနိယာမ ဉာဏ်စဉ်ဓမ္မကျမ်းများသည်သာ ခေတ်များကို ကျော်လွှန်နိုင်ခြင်း ရှိပေသည်။